# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၇/၂၀၁၇)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၇) ကို ၂၀၁၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ ပါသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၂၂) ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၇၁၃.၄၃၃) သန်း နှင့် ပြည်တွင်းလုပ်သားများ အတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၈,၃၈၇) ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြု လုပ်ငန်း(၂၂)မှာ စက်မှုကဏ္ဍလုပ်ငန်း (၁၀)ခု၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးကဏ္ဍ (၁)ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်း (၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍလုပ်ငန်း (၈)ခု နှင့် အိမ်ယာ အဆောက် အအုံတည်ဆောက်မှုဖွံ့ဖြိုးမှု ကဏ္ဍ (၂)ခု တို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၂)ခုအနက် ခွင့်ပြုမိန့်ထုတ်ပေးသည့် ရင်းနှီး မြှုပ်နှံမှု လုပ်ငန်း(၁၀)ခု ဖြစ်ပြီး၊ အတည်ပြုမိန့်ထုတ်ပေးလိုက်သည့် လုပ်ငန်းမှာ (၁၂) ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဇွန်လလယ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၆၆) ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၁,၈၅၁.၉၃၂) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ (၁,၉၆၀.၈၂၁) သန်း စီးဝင်ခြင်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူး စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၂၇.၄၈၀) သန်း ခွင့်ပြု ခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၂,၀၈၈.၃၀၁) သန်း စီးဝင်ခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁.၂၆၆)သန်း အပါအဝင် ကျပ် (၁၁,၄၂၅.၉၀၀) သန်း၊ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း (၇၃၀)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၄)ခု မှာ စက်မှုကဏ္ဍလုပ်ငန်း (၃)ခု နှင့် ဟိုတယ်နှင့် ခရီးသွား ကဏ္ဍလုပ်ငန်း (၁) ခု တို့ ဖြစ်ပါသည်။ အဆိုပါ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၄)ခုအနက် ခွင့်ပြုမိန့်ထုတ်ပေးလိုက်သည့် လုပ်ငန်း(၂)ခု ဖြစ်ပြီး၊ အတည်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း (၂)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုခွင့်ပြု ပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဇွန်လလယ် အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၂၄)ခု၊ အမေရိကန် ဒေါ်လာ (၂၄၄.၁၁၅)သန်း အပါအဝင် ကျပ် (၅၀၁,၇၃၇.၄၆၃) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm